


# ရုန်းကန်ခြင်း နှင့် မျှော်လင့်ခြင်းကြားက စက်ချုပ်ရာများ

## မြန်မာနိုင်ငံရှိ အထည် နှင့် လူ့အသုံးအဆောင်ပစ္စည်းချုပ်လုပ်မှု လုပ်သားများ၏ လက်တွေ့လူမှုဘဝ အခြေအနေများ

၂၀၂၅ ခုနှစ်၊ ဇွန်လ

မျက်နှာဖုံးဓာတ်ပုံ- မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံတစ်ခုအတွင်း အပ်ချုပ်စက်များ



# အစီရင်ခံစာ အနှစ်ချုပ်

မြန်မာနိုင်ငံတွင် အထည် နှင့် လူ့အသုံးအဆောင်ပစ္စည်းချုပ်လုပ်မှုလုပ်ငန်းနယ်ပယ်သည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသော အဓိကနယ်ပယ်တစ်ခုအဖြစ်ဖြင့် ရပ်တည်လျက်ရှိသည်။ မြန်မာ့အလုပ်သမားအင်အားစု၏ ၈၀% ခန့်မှာ အမျိုးသမီးလုပ်သားများဖြင့် ဖွဲ့စည်းထားပြီး အထည်နှင့်လူ့အသုံးအဆောင်ပစ္စည်းချုပ်လုပ်မှု လုပ်ငန်းနယ်ပယ်သည် ထိုအမျိုးသမီးအများစုအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးထားသည်။ သို့ရာတွင်မူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သည့် စစ်တပ်အာဏာသိမ်းမှုနောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခအစုစုတို့သည် အထည်ချုပ်ကဏ္ဍအားလည်း ပြင်းထန်စွာ ထိခိုက်စေလျက်ရှိပြီး လုပ်ခလစာပေးရာတွင် နှောင့်နှေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း လုံခြုံမှုမရှိခြင်း၊ လုပ်ငန်းခွင် အခြေအနေများ ပျက်စီးယိုယွင်းလာခြင်း နှင့် အလုပ်သမားအခွင့် အရေးများအား ကျယ်ပြန့်စွာ ချိုးဖောက်လာခြင်းတို့ကို ဖြစ်ပေါ်လာစေပါသည်။

ဤအစီရင်ခံစာသည် ရန်ကုန် နှင့် ပဲခူးတိုင်းတို့ရှိ အထည်နှင့်လူ့အသုံးအဆောင်ပစ္စည်းချုပ်လုပ်မှု လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော လုပ်သားများ၏ လက်တွေ့ရင်ဆိုင်နေရသော ဘဝအခြေအနေများအား လေ့လာသုံးသပ်ထားပြီး အဓိကအားဖြင့် ထိုလုပ်သားများ၏ လုပ်ခလစာမှာ လုံလောက်မှု ရှိမရှိကို ဆန်းစစ်ဆွေးနွေးထားပါသည်။ စစ်တမ်းကောက်ယူရာတွင် တွေ့ရှိရသော တရားဝင်အခြေခံ လုပ်ခလစာအပေါ်တွင် မှီတည်ထားသည့် လုပ်ခလစာများအား Inter–Agency Cash နှင့် Markets Working Group (CMWG)[၁] တို့က ချမှတ်ထားသော အနိမ့်ဆုံးသုံးစွဲငွေ

1 UN အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ ပါဝင်လျက်ရှိသော CMWG သည် Cash and Voucher Assistance (CVA) အစီအစဉ်တွင် ပါဝင်နေသူအားလုံးတို့ကို ပံ့ပိုးပေးရန်အတွက် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ အသေးစိတ်အား Cash and Markets Working Group | MIMU and latest technical note တွင် ကြည့်ပါ။

ခြင်းတောင်း (Minimum Expenditure Basket – MEB) ဖြင့် နှိုင်းယှဉ်ထားပါသည်။ ထိုသို့နှိုင်းယှဉ်ပြီးနောက် လေ့လာတွေ့ရှိချက် များအရ အလုပ်သမားများက ရရှိနေသော လုပ်ခလစာ နှင့် ၎င်းတို့၏ အခြေခံနေထိုင်မှု ကုန်ကျစရိတ်များအတွက် လိုအပ်သော ငွေပမာဏအကြားတွင် ကွာဟချက်များ ရှိနေပါသည်။

ပျမ်းမျှအားဖြင့် စစ်တမ်းတွင် ပါဝင်ဖြေဆိုသူလုပ်သားများသည် ပျမ်းမျှအားဖြင့် တစ်လလျှင် မြန်မာ ကျပ်ငွေ ၃၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၁၀၀ အောက်) ရရှိကြပြီး ဖြေဆိုသူများ၏ ၇% သည်သာလျှင် အမေရိကန်ဒေါ်လာ ၁၀၀ အထက် ရရှိကြပါသည်။ ဖြေဆိုသူအများစု (၈၅%) သည် လုပ်ခလစာ တိုး၍ရရှိရန် လိုလားကြပြီး ဖြေဆိုသူ တစ်ဝက်ခန့် (၄၈%) သည် အချိန်ပိုကြေးများ တိုးမြင့်ရရှိလိုကြောင်း ဖြေကြားထားကြသည်။ စစ်တမ်းတွင် ကောက်ယူထားသော အချက်အလက်များအရ ဤအစီရင်ခံစာသည် အလုပ်သမားများက ရရှိသင့်သည့် နေ့စဉ်အခြေခံလုပ်ခလစာကို ပြန်လည်ပြင်ဆင်ရာတွင် ထားရှိသင့်သည့် သင့်လျော်သော လုပ်ခလစာပမာဏ – မြန်မာကျပ် ၁၁,၀၀၀ နှင့် ၂၅,၆၀၀ အကြား – အား သုံးသပ်ဖော်ပြထားသည်။ လုပ်သားများသည် အချိန်ပိုကြေးမပါသေးပဲ တစ်နေ့လျှင် မြန်မာကျပ် ၂၅,၆၀၀ ရရှိမည်ဆိုပါက ယခုလက်ရှိအခြေခံလုပ်ခလစာ နှင့် MEB အကြားရှိ ကွာခြားချက်ကို ဖျောက်ပစ်နိုင်မည်ဖြစ်သည်။ သို့ရာတွင်မူ တစ်နေ့တာ အခြေခံလုပ်ခသည် MEB နှုန်းထားများနှင့် ညီတူမျှတူရှိ လာလျှင်ပင် ထိုပမာဏသည် အလုပ်သမားများ၏ အခြေခံလိုအပ်ချက်များအတွက်သာ လုံလောက်ပြီး တရိပ်ရိပ်တိုးမြင့်နေသော ငွေကြေးဖောင်းပွမှု၏ သက်ရောက်မှုအား ထည့်သွင်းစဉ်းစားထားခြင်း မရှိသောကြောင့် အလုပ်သမားများအား တည်ငြိမ်၍ ဂုဏ်သိက္ခာရှိသော နေထိုင်မှုဘဝပုံစံကို ပေးနိုင်ဦးမည် မဟုတ်ပေ။

ထိုလုပ်ငန်းကဏ္ဍသည် လုပ်ခလစာနည်းပါးသော်ငြား အထည်ချုပ်လုပ်သားများသည် ၎င်းတို့၏ အိမ်ထောင်စုများ၏ ရှင်သန်ရေးအတွက် အရေးပါသော ပံ့ပိုးသူများအဖြစ် ရပ်တည်လျက်ရှိပါသည်။ လုပ်သားအများစုသည် ၎င်းတို့၏ သက်ဆိုင်ရာမိသားစုများ၏ ဝင်ငွေ ၇၅% ကျော်ကို ထောက်ပံ့လျက် ရှိသည်။ တစ်ကိုယ်တည်းနေထိုင်သူ လုပ်သားများအနက် ၈၉% သည် ၎င်းတို့၏ အိမ်သို့ ငွေလွှဲပို့လျက်ရှိပြီး ထိုပမာဏမှာ တစ်လလျှင် ပျမ်းမျှ မြန်မာကျပ် ၁၄၂,၀၀၀ (အမေရိကန်ဒေါ်လာ ၃၂) ခန့် ရှိသည်။ ထိုကျပ်ငွေပမာဏသည် ၎င်းတို့၏ သက်ဆိုင်ရာမိသားစုများ၏ ဝင်ငွေစုစုပေါင်း၏ ၃၉% ရှိသည်။ လျှပ်စစ်မီးမကြာခဏ ပြတ်တောက်မှုများကြောင့် အလုပ်သမားများသည် အိမ်တွင် ဟင်းချက်ပြုတ်ရမည့်အစား ပြင်ပမှ အသင့်ပြင်အစားအစာများအား ဝယ်ယူစားသောက်ရသောကြောင့် ၎င်းတို့၏ ငွေကြေးအကျပ်အတည်းများသည် ပိုမိုဆိုးရွားလာပါသည်။

လုပ်ခလစာများသည် စာချုပ်အမျိုးအစား၊ ပညာအရည်အချင်း၊ (သို့မဟုတ်) အသက်အရွယ် တို့ပေါ်မူတည်ပြီး သိသိသာသာ ကွဲပြားနေခြင်းမျိုး မရှိပါ။ သို့ရာတွင်မူ အမြဲတမ်းစာချုပ်ဖြင့် လုပ်ကိုင်လျက်ရှိသော အလုပ်သမားများသည် အလုပ်အကိုင်လုံခြုံမှု ပိုရှိခြင်း၊ ရာထူးအခွင့်အရေးများ ခံစားရခြင်း နှင့် လုပ်ငန်းခွင်အတွင်း ပိုမိုကောင်းမွန်စွာ ဆက်ဆံခံရခြင်းတို့ကို တွေ့ကြုံကြရပါသည်။ အသက်ရှင်နေထိုင်ရန် လိုအပ်သော လုပ်ခလစာအတွင်းတွင် မည်သည့်အရာများ ပါဝင်သည်ကို သေသေချာချာသိရှိစေရန်အတွက် လုပ်ခလစာလုံလောက်ခြင်းဟူသည့် အခြေအနေလေးမျိုးအား ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။ ထိုအခြေအနေလေးမျိုးအနက် တစ်ခုချင်းစီသည် မတူညီသော အိမ်ထောင်စုဖွဲ့စည်းပုံ နှင့် အလုပ်လုပ်ချိန်တို့အပေါ်တွင် အခြေခံထားပါသည်။ အထက်ပါ မတူညီသော အခြေအနေလေးမျိုးတို့အား လေ့လာပြီးသည့်နောက် တူညီစွာရရှိလာသော ရလဒ်မှာ လက်ရှိအခြေခံလုပ်ခလစာသည် အလုပ်သမားများအား သင့်တင့်သော နေထိုင်မှုအဆင့်အတန်းအား ပေးစွမ်းနိုင်ခြင်းမရှိဟူ၍ ဖြစ်ပါသည်။

လုပ်ငန်းခွင်အခြေအနေများသည်လည်း အလုပ်သမားများက ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ပိုမိုဆိုးရွားလာစေပါသည်။ အချိန်ပိုဆင်းပေးရသည်ဟု ပြောကြားလာသော စစ်တမ်းဖြေဆိုသူ အလုပ်သမားများ၏ ၅၅% တို့သည် တစ်နေ့လျှင် ပျမ်းမျှ ၁၂ နာရီခန့် အလုပ်လုပ်နေကြရပြီး အချို့ အခြေအနေများတွင် တစ်နေ့လျှင် ၂၁ နာရီကြာ အလုပ်လုပ်ကြရသည်။ ကျန်းမာရေးဆိုင်ရာ ပူပန်မှုများသည်လည်း ပျံ့နှံ့လျက်ရှိပြီး စစ်တမ်းဖြေဆိုသူလုပ်သားများ၏ ၅၉% မှာ ရုပ်ပိုင်းဆိုင်ရာချို့ယွင်းမှုများကို ခံစားနေရကာ ၅၈% မှာ စိတ်ဖိစီးမှုများ၊ ၂၀% မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ နှင့် ၃၅% မှာ အမြင်အာရုံထိခိုက်မှုတို့ကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ထိုပြဿနာများသည်

ရန်ကုန်မြို့ရှိ အထည်ချုပ်လုပ်သားများအကြားတွင် ပိုမိုဖြစ်ပွားလျက်ရှိသည်။ စစ်တမ်းတွင်ပါဝင်ဖြေဆိုသူ ရန်ကုန် အထည်ချုပ်လုပ်သားများအနက်မှ ၆၂% သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ရင်ဆိုင်ခဲ့ကြရပြီး ၆၀% မှာ အလုပ်ကြောင့်ရရှိလာသော စိတ်ဖိစီးမှုများကို ခံစားခဲ့ကြရပါသည်။ ပဲခူးတိုင်းရှိ ဖြေဆိုသူလုပ်သား များအနက်မှ ၄၆% သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ဖော်ပြခဲ့ကြပြီး စိတ်ဖိစီးမှု ခံစားရသည်ဟု ဖြေဆိုသူမှာ ၅၀% ရှိသည်။ အချုပ်အားဖြင့်ဆိုရသော် ၉၆% သော စစ်တမ်းဖြေဆိုသူ လုပ်သားတို့သည် အလုပ်သမားအခွင့်အရေးအား ပိုမိုကာကွယ်ပေးရန် နှင့် လုပ်ငန်းခွင်အခြေအနေများ ပိုမိုတိုးတက် ကောင်းမွန်လာရန် လိုလားကြသည်။

အလုပ်သမားများ၏ အနာဂတ် နှင့် ကောင်းမွန်သော ပြောင်းလဲမှုများ ဖြစ်ပေါ်လာရေးသည် မသေချာ ပေ။ ထို့ကြောင့် စစ်တမ်းဖြေဆိုသူလုပ်သား ငါးဦးအနက် တစ်ဦး(၂၁%) သည် မြန်မာနိုင်ငံတွင်း လုပ်ခ လစာနည်းပါးမှု၊ အလုပ်လုပ်ချိန် ရှည်ကြာမှု နှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုတို့ကြောင့် တိုင်းတစ်ပါးသို့ ပြောင်းရွှေ့ထွက်ခွာရန် စဉ်းစားနေကြသည်။ သို့ရာတွင် မျှော်လင့်ချက် မရှိတော့သည် တော့ မဟုတ်ပေ။ စစ်တမ်းဖြေဆိုသူလုပ်သားများ၏ ၇၀% သည် လုပ်ခလစာ နှင့် လုပ်ငန်းခွင် အခြေအနေများ ပိုမိုကောင်းမွန်လာပါက မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်သွားရန် ဆန္ဒရှိကြပါသည်။

UNDP

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်